**Karenni Nationalities Defence Force**

**ကရင်နီအမျိုးသားများကာကွယ်ရေးတပ်**

# တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်နေ့။

ဖယ်ခုံမြို့နယ်၊ ရွှေပြည်အေးနှင့် ကုန်းဆုံတိုက်ပွဲအနီးတွင် ဗန်းမောက်ကျေးရွာဖက်မှ စစ်ကြောင်းထိုးလာသော အကြမ်းဖက်စစ်ကောင်စီတပ်များကို KNDF နှင့် PDF(ဖယ်ခုံ) တို့မှခုခံတိုက်ခိုက်ခဲ့ပါသည်။ တိုက်ပွဲမှာ မနက် (၆း၀၀) နာရီမှ (၁၀း၀၀) နာရီအထိ ကြာမြင့်ခဲ့ပြီး၊ အကြမ်းဖက်စစ်ကောင်စီတပ်ဖက်မှ (၁၀) ဦးသေဆုံးခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်ဖက်မှ ထိခိုက်မှုများပြားသဖြင့် မနက် (၉း၀၀) နာရီခန့်တွင် တိုက်လေယာဉ်နှစ်စီးဖြင့်လာ ရောက်တိုက်ခိုက်ခဲ့ ပါသည်။ ဖယ်ခုံတိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်မှ (၁၂၀)မမ လက်နက်ကြီးဖြင့် ရမ်းသန်း ပစ်ခတ်ခဲ့သဖြင့် ဖယ်ခုံမြို့အတွင်း နေအိမ်များပျက်စီးခဲ့ပါသည်။

ယနေ့မနက် (၅း၄၀) နာရီ၊ လွိုင်လင်လေးအနီး၊ ဆီဆိုင်မြို့ဘက်မှ လွိုင်ကော်မြို့ဘက်သို့ တပ်အင်အားဖြည့်တင်းလာသော အကြမ်းဖက်စစ်ကောင်စီ၏ သံချပ်ကာကားများနှင့် တင့်ကားများ ပါဝင်သော စစ်ယာဉ်တန်းကို KNDF မှ တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ စစ်ကား(၃) စီးပျက်စီးခဲ့ပြီး (၂) ဦးသေဆုံးခဲ့ပါသည်။

ထို့အတူ ဇန်နဝါရီလ (၂၈) ရက်နေ့ ညနေ (၁၆း၄၀) နာရီ၊ လွိုင်ကော်မြို့နယ် ကယန်းသာယာ ကျေးရွာအနီးတွင် စစ်ကြောင်းထိုးလာသော အကြမ်းဖက်စစ်ကောင်စီတပ်များကို KNDF နှင့် PDF (လွိုင်ကော်) တိုက်ခိုက်ခဲ့ရာ နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြင့်ပွားခဲ့ပြီး အကြမ်းဖက်စစ်ကောင်စီတပ် ဘက်မှ အထိနာသဖြင့် လေကြောင်းပစ်ကူဖြင့် လာရောက်တိုက်ခဲ့ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉၄၉၅၇၂၉၃၁၊ ၀၉၇၆၅၇၃၃၁၆၈။